# သုတေသန အနှစ်ချုပ်


# မုတ္တမပင်လယ်ကွေ့ဒေသတွင် ဆောင်းခိုသော ရေပျော်ငှက်များအား လေ့လာခြင်း



ဤသုတေသနအနှစ်ချုပ်သည် ArcCorna Consulting and Nature Conservation Society (NCS) မှ ၂၀၂၂ ခုနှစ် ဧပြီလ တွင် ထုတ်ဝေသော Monitoring of Migratory Shorebirds at Key Coastal Sites (Nanthar Island, Irrawaddy Delta, Gulf of Mottama and Tanintharyi) အစီအရင်ခံစာမှ ကောက်နုတ်ပြီး မုတ္တမပင်လယ်ကွေ့နေ ပြည်သူများအတွက် စီစဉ်ထုတ်ဝေသည်။

## ရေပျော်ငှက်ဆိုသည်မှာ

ရေပျော်ငှက်များသည် ရေတိမ်ပိုင်း သို့မဟုတ် ရေကန်များ၊ မြစ်ချောင်းများနှင့် ပင်လယ်များ၏ ရွှံ့နွံကဲ့သို့ ပျော့ပျောင်းသော ကမ်းစပ်တစ်လျှောက်တွင် ကျက်စားကြသောငှက်မျိုးစိတ်များ ဖြစ်သည်။ ရေချို၊ ရေငံထိတွေ့ရာ မြစ်ဝနှင့် ပင်လယ်ဝများ၊ ဒီရေအတက်အကျရှိသော ရွှံ့လတာပြင်များ၊ မြက်ခင်းပြင်များနှင့် ကမ်းရိုးတန်းတလျှောက်ရှိ ကမ်းခြေကမ်းစပ်များအပြင် အောက်မြေလွှာ အေးခဲလျက်ရှိသော လွင်ပြင်များ၊ ရေခဲများ ဖုံးလွှမ်းလျက်ရှိသော တောင်တန်းဒေသများတွင် နေထိုင်ကြသည်။ ၎င်းတို့သည် ကျက်စားရာဒေသ၊ အစားအစာနှင့် အလေ့အထများကြောင့် သာမန်ငှက်များနှင့်မတူ ထူးခြားသော အသွင်အပြင်ရှိသည်။ ယေဘူယျအားဖြင့် ၎င်းတို့သည် နွေရာသီတွင် ကမ္ဘာ့မြောက်ပိုင်းရှိ အေးခဲလျက်ရှိသောလွင်ပြင်ဒေသများတွင် သားပေါက်ပြီး၊ ဆောင်းရာသီတွင် ပူနွေးသော တောင်ပိုင်းဒေသများနှင့် ၎င်းဒေသများကြားရှိ ရပ်နားရာဒေသများတွင်ရှိသော လတာပြင်များ၊ မြစ်ချောင်းအင်းအိုင်များနှင့် ရေဝပ်ဒေသများတွင် လာရောက်ဆောင်းခိုလေ့ရှိသည်။ မုတ္တမပင်လယ်ကွေ့သည် ထိုသို့ နှစ်စဉ် လာရောက်ဆောင်းခိုသော ငှက် ၂၀၀ ၀၀၀ အတွက် အစာနှင့်နေရာ ပံ့ပိုးပေးလျက်ရှိသည်။




ရေပျော်ငှက်များ၏ ထူးခြားသော အသွင်အပြင်များ

**ရေးသားပြုစုသူ။** ။ မိုးကျော်ကျော်ဟိန်း၊ ပန်းယမုံဦး၊ သဲအိန္ဒြာဆု၊ သဇင်ထက် (Myanamar Coastal Conservation Lab @ Point B)


## သုတေသနအား မည်သို့ လုပ်ဆောင်ခဲ့သနည်း

ဤသုတေသနကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့မှ ၂၁ ရက်နေ့အထိ လုပ်ဆောင်ခဲ့ပြီး စုစုပေါင်းငှက်မျိုးစိတ် ၄၅ မျိုးမှ ရေပျော်ငှက်ကောင်ရေ ပေါင်း ၄၇ ၄၉၀ ခန့်အား မှတ်တမ်းတင်နိုင်ခဲ့သည်။ မုတ္တမပင်လယ်ကွေ့၏ သွားလာလှုပ်ရှားမှု ရှုပ်ထွေးခက်ခဲသော သဘာဝကြောင့် ငှက်အုပ်ရေတွက်ခြင်း နည်းလမ်းကို အသုံးပြုပြီး ငှက်ကောင်ရေ ပြန်လည်တွက်ယူရသော နည်း လမ်းအသုံးပြုပြီး တွက်ချက်ခဲ့ခြင်းဖြစ်သည်။ သုတေသနပြုလုပ်သူများ တွင် ပြည်တွင်းပညာရှင်များအပြင် ဒေသခံများ၊ ငှက်မုဆိုးဟောင်းများ လည်း ပါဝင်သည်။



# မုတ္တမပင်လယ်ကွေ့တွင် တွေ့ရသော အနီရောင်စာရင်းဝင် ရေပျော်ငှက်များ

၂၀၂၂ ခုနှစ် စစ်တမ်းအရ မှတ်တမ်းတင်ရရှိခဲ့သော အနီရောင်စာရင်းဝင် မျိုးသုဉ်းအန္တရာယ်ကျရောက်နေသော ငှက်မျိုးများနှင့် အရေအတွက်ကို အောက်တွင် ဖော်ပြထားသည်။ အပေါ်ထောင်သော မြားသည် ၂၀၂၀ ထက် အကောင် ရေများလာကြောင်းရည်ညွှန်းပြီး အောက်စိုက်ပါက အကောင်ရေ နည်းလာကြောင်း ရည် ညွှန်းသည်။




● မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် ● မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် ● မျိုးသုဉ်းရန်ခြိမ်းခြောက်ခံနေရသောမျိုးစိတ်

# မုတ္တမပင်လယ်ကွေ့တွင် အတွေ့များသော ရေပျော်ငှက်များ

မုတ္တမပင်လယ်ကွေ့တွင်တွေ့ရသော ရေပျော်ငှက်များ၏ နှစ်အလိုက်ပြောင်းလဲတွေ့ရှိရမှုကို အောက်ပါဇယားတွင်လေ့လာနိုင်သည်။


| | | ၂၀၂၂ ခုနှစ် | ၂၀၂၁ ခုနှစ် | ၂၀၂၀ ခုနှစ် | ၂၀၁၉ ခုနှစ် | ၂၀၁၀ ခုနှစ် |
|---|---|---|---|---|---|---|
| သဲတလိုင်းလေး |  | **၂၄၇၁၂ ကောင်** | ၆၃၄၀ ကောင် | ၁၄၅၀၈ ကောင် | ၁၆၃၈၅ ကောင် | ၁၈၀၇၂ ကောင် |
| ဒီလုံးလည်နီ |  | **၄၁၃၈ ကောင်** | ၃၈၈၄ ကောင် | ၄၇၆၀ ကောင် | ၇၆၉၀ ကောင် | ၆၃၅၃ ကောင် |
| ရေညှောင့်နှုတ်သီးကောက် |  | **၂၇၀၃ ကောင်** | ၂၂၃၅ ကောင် | ၄၅၁၂ ကောင် | ၃၀၀၃ ကောင် | ၆၇၆၂ ကောင် |
| ကန်းတစ်ရှ် တလိုင်း |  | **၂၃၉၉ ကောင်** | ၇၁၀၇ ကောင် | ၃၇၂၇ ကောင် | ၁၀၉၉၇ ကောင် | ၈၁၃၁ ကောင် |
| ပဲလက်စ်စင်ရော် |  | **၁၄၉ ကောင်** | ၂၉၈၈ ကောင် | ၂၈၃၅ ကောင် | ၈၄ ကောင် | ၂၄၇၃ ကောင် |
| မြစ်တွေး |  | **၁၁၂၇ ကောင်** | ၅၉၂၅ ကောင် | ၂၄၃၅ ကောင် | ၈၀၈၈ ကောင် | ၁၀၃၄၅ ကောင် |
| အမြီးနက် ဂေါ်ဒ့ခ် |  | **၃၇၂၃ ကောင်** | ၁၄၃၉၂ ကောင် | ၂၃၀၀ ကောင် | ၅၆၂၅ ကောင် | ၃၄၀၅ ကောင် |
| ရေညှောင့်နှုတ်သီးတုတ် |  | **၈၃၁ ကောင်** | ၈၅၆ ကောင် | ၂၁၃၈ ကောင် | ၁၉၀၉ ကောင် | ၄၀၀၀ ကောင် |
| ခြေနီပျောက် |  | **၁၆၄၈ ကောင်** | ၅၃၇၈ ကောင် | ၁၃၃၁ ကောင် | ၈၀၉ ကောင် | ၄၆၁၇ ကောင် |

# မျိုးသုဥ်းလုနီးပါးအန္တရာယ် ရင်ဆိုင်နေရသော

# ရေညှောင့်နှုတ်ပိုင်းငှက်



ကမ္ဘာတစ်ဝှမ်းလုံးတွင် ရေညှောင့်နှုတ်ပိုင်းငှက် အကောင်ရေ (၂၄၀ -၄၅၆) ကောင်သာ ကျန်ရှိတော့ပြီး မုတ္တမပင်လယ်ကွေ့ဒေသတွင် တစ်ဝက်ခန့် လာရောက်ဆောင်းခိုလေ့ရှိသည်။ ၂၀၂၂ ခုနှစ် သုတေသနအရ ရေညှောင့်နှုတ်ပိုင်းငှက် အကောင် (၈၀) သာ မှတ်တမ်းတင်နိုင်ခဲ့သောကြောင့် လွန်ခဲ့သောနှစ်များထက် အကောင်ရေလျော့ကျလာကြောင်း တွေ့ရသည်။




## အဓိကတွေ့ရှိချက်များ

ရေပျော်ငှက်များ၏ မစင်များသည် ၎င်းတို့ကျက်စားရာ လတာပြင်နှင့် ဂေဟစနစ်အား မြေဩဇာ ဖြစ်ထွန်းစေခြင်း၊ ရေပျော်ငှက်များ ပုံမှန်လာရောက်ခြင်းဖြင့် ယင်းရေဝပ်ဒေသသည် သယံဇာတပေါကြွယ်ဝပြီး ကောင်းမွန်သော ဂေဟစနစ် ဖြစ်ကြောင်း သိရှိနိုင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ကျရောက်သော အဖျက်ပိုးများကို စားသောက်ပေးခြင်း၊ ဝတ်မှုန်ကူးပေးခြင်းနှင့် မျိုးစေ့များသယ်ဆောင်ဖြန့်ဖြူးပေးခြင်း၊ ရေပျော်ငှက်များ ပုံမှန်လာရောက်ဆောင်းခိုသော ဒေသများတွင် သဘာဝနှင့်ဂေဟ အခြေပြုခရီးသွားလာမှုဝန်ဆောင်မှုများကို ဖော်ဆောင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာရှိသည်။

**၁၅သုတေသနတွင် မုတ္တမပင်လယ်ကွေ့ဒေသရှိ ရေပျော်ငှက်များသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက အကောင်ရေများ သိသိသာသာကျဆင်းလာသည်ကို လေ့လာသိရှိနိုင်သည်။** ထို့သို့ အကောင်ရေ ကျဆင်းလာရသည့် အကြောင်းအရင်းများမှာ ကျက်စားရာနေရာများ လျော့ပါးပျောက်ကွယ်လာခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အဆိပ်ချဖမ်းဆီးခြင်း၊ ဒေသမျိုးရင်းမဟုတ်သော မျိုးစိတ်များဝင်ရောက်လာခြင်း စသည်တို့ကြောင့် ဖြစ်သည်။

ထို့ကြောင့် ရေပျော်ငှက်များ ရေရှည်တည်မြဲနိုင်ရန် ထိန်းသိမ်းကြရမည်ဖြစ်သည်။ ရပ်ရွာအနေနှင့် ရေဝပ်ဒေသများနှင့် ရေပျော်ငှက်များ ကျက်စားရာနေရာများအား ထိန်းသိမ်းကာကွယ်ခြင်း၊ ရေပျော်ငှက်များနှင့် ပတ်သက်သော သတင်းအချက်အလက်များ စုဆောင်းပေးခြင်း၊ သုတေသနလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်း၊ တရားမဝင်ဖမ်းဆီး ရောင်းချမှုများအား သတင်းပေးခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကင်းလှည့်လည်စစ်ဆေးမှုများ ပြုလုပ်ခြင်း စသည့်လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွပါဝင်ခြင်းဖြင့် ရေပျော်ငှက်များကို စုပေါင်းထိန်းသိမ်းနိုင်မည် ဖြစ်သည်။